**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ ( ၁၅ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

အကြောင်းအရာ။ **Tradenet 2.0 စနစ်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်(ပသက) လျှောက်ထားခြင်းလုပ်ငန်းစဉ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အချို့ အားအသိပေး ထုတ်ပြန်ခြင်း။**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(ပသက)နှင့် ဆက်စပ်ကတ်များကို Tradenet 2.0 စနစ်မှ ခွင့်ပြုထုတ်ပေးလျက်ရှိရာ Tradenet 2.0 စနစ်တွင် အောက်ပါအကြောင်းအမျိုးမျိုးကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်(ပသက)များလျှောက်ထားရာတွင် ဖော်ပြပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရန်ဖြစ်သည် -

(က) **ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်**

မြန်မာကုမ္ပဏီမှ နိုင်ငံခြားကုမ္ပဏီ (သို့မဟုတ်) နိုင်ငံခြားကုမ္ပဏီမှ မြန်မာကုမ္ပဏီသို့ အမျိုးအစားပြောင်းလဲလျှောက်ထားလိုသော ပသကများအတွက် အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည် -

(၁) Tradenet 2.0 စနစ်တွင်**Cancel Process** အားဦးစွာဆောင်ရွက်ရန်၊ (Cancel လျှောက်ထားပြီးပါ ပသကအပါအဝင် လျှောက်ထားပြီး ဆက်စပ်ကတ်အားလုံး Auto Cancel ဖြစ်သွားမည်ဖြစ်သည်။)

(၂) ၎င်း ပသကကိုပင် ပြန်လည်အသုံးပြုလိုပါက **De-Cancel Process** ဖြင့် ပြန်လည်လျှောက်ထားရန်၊
(မူလပသကအမှတ်အတိုင်းရရှိမည်ဖြစ်ပြီး ငွေပေးသွင်းသည့်ရက်မှစ၍ သက်တမ်းပြန်လည်စတင်မည်ဖြစ်သည်)

(၎င်းပသကဖြင့် လျှောက်ထားသည့်ဆက်စပ်ကတ်များအားလုံး အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပြီး ကတ်နံပါတ်အသစ်များရရှိမည်ဖြစ်သည်)

(ခ) **9digits ပြောင်းလဲပြီးသော ပသကများ၏ သက်တမ်း(၁)နှစ်ကျော်သည်အထိ သက်တမ်းတိုးထားခြင်းမရှိသော ပသကများအား ပြန်လည်အသုံးပြုလိုခြင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်**

ပသကအား 9digits ပြောင်းလဲပြီးသော်လည်း သက်တမ်းတစ်နှစ်ကျော်သည်အထိ သက်တမ်းတိုးထားခြင်းမရှိသဖြင့် Expire ဖြစ်နေသော ပသကများကို ပြန်လည် အသုံးပြုလိုပါက အောက်ပါလုပ်ငန်းစဉ်များ အတိုင်းဆောင်ရွက်ရမည်ဖြစ်သည် -

(၁) Tradenet 2.0 စနစ်တွင် (၁) နှစ်ကျော်သည်အထိ သက်တမ်းတိုးခြင်းမရှိသည့် ပသကများအား **Auto Cancel** စနစ်မှ ဆောင်ရွက်ရန်၊
(Auto Cancel ဖြစ်ပြီးသည် ပသကနှင့် ဆက်စပ်သည့်ကတ်အားလုံး Auto Cancel ဖြစ်သွားမည်ဖြစ်သည်။)

(၂) ၎င်းပသကကို ပြန်လည်အသုံးပြုလိုပါက **De-Cancel Process** ဖြင့် ပြန်လည်လျှောက်ထားရန်။
(မူလပသကအမှတ်အတိုင်းရရှိမည်ဖြစ်ပြီး ငွေပေးသွင်းသည့်ရက်မှစ၍ သက်တမ်းပြန်လည်စတင်မည်ဖြစ်သည်)
(၎င်းပသကဖြင့် လျှောက်ထားသည့်ဆက်စပ်ကတ်များအားလုံး အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပြီး ကတ်နံပါတ်အသစ်များရရှိမည်ဖြစ်သည်)

(ဂ) **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့မတိုင်မီ Tradenet 2.0တွင် အကြောင်းအမျိုးမျိုးကြောင့် Migrate မပြုလုပ်နိုင်ခဲ့သည့် ပသကများကို Tradenet 2.0 စနစ်တွင် အသုံးပြုလိုခြင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်**

Tradenet 2.0 စနစ် မစတင်မီ 9 Digits ပြောင်းလဲပြီးသော ပသကများအား Tradenet 2.0 စနစ်ပေါ်တွင် **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ(၁၆)ရက်နေ့မတိုင်မီ** Migrate ပြုလုပ်ရန်သတ်မှတ်ကြေညာခဲ့သော်လည်း ယင်းကာလအတွင်း လုပ်

ငန်းရှင်များဘက်မှ အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ခြင်းမရှိသည့် ပသက များ(Tradenet 2.0 စနစ်ပေါ်တွင် မရှိသည့် ပသကများ)အား လျှောက်ထားလိုပါက အောက်ပါလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ရမည်ဖြစ်သည် -

(၁) Tradenet 2.0 စနစ်တွင် New(Re-New) Process ဖြင့်ပြန်လည်လျှောက်ထားရန်။
(MyCo စနစ်ရှိ Upgrade ကုမ္ပဏီအချက်အလက်များဖြင့် ချိတ်ဆက်နိုင်စေရန်ဖြစ်ပါသည်)

၂။ သို့ဖြစ်ပါ၍ အထက်အပိုဒ်ပါ ကိစ္စရပ်များအတွက် ပသကလျှောက်ထားမှုများကို (၁-၉-၂၀၂၁) ရက်နေ့မှစ၍ ဖော်ပြပါလုပ်ငန်းစဉ်များအတိုင်း Tradenet 2.0 စနစ်တွင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

# ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ

**သတင်းလွှာ ( ၁၆ /၂၀၂၂)**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

အကြောင်းအရာ။ **Myanmar Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ လိုက်နာရမည့်သတိမှတ်ချက်များအား အသိပေးထုတ်ပြန်ခြင်း။**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များအား MyanmarTradenet 2.0 စနစ်မှ ခွင့်ပြုထုတ်ပေးလျက်ရှိရာတွင် အသစ်လျှောက်ထားသည့် ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ်များအား ဌာနဘက်မှခွင့်ပြုခြင်း Approve ပြုလုပ်ပြီး(၁၀)ရက်အတွင်း ငွေပေးသွင်းခြင်းမပြုသည့်လိုင်စင်ပါမစ်များအား စနစ်မှ Auto Cancel ပြုလုပ်သည့်လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထောက်ခံချက်ပါရှိသည့် လိုင်စင်ပါမစ်များ၏ ထောက်ခံချက်သက်တမ်းနှင့် လက်ကျန်အရေအတွက်များအား မူလအတိုင်း (Auto Cancel ဖြစ်ခဲ့သည့်လိုင်စင်လျှောက်ထားမှုအတိုင်း)ကျန်ရှိစေရန်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ၏ သက်ဆိုင်ရာ Section မှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ယခုအခါ **Tradenet 2.0 စနစ်အသုံးပြု၍ ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ် (သက်တမ်းတိုး/ ပြင်ဆင်/ ပယ်ဖျက်/ အပ်နှံ/ ဝိတ်သိမ်း) လျှောက်ထားမှုများ**တွင် ဌာနဘက်မှခွင့်ပြုခြင်း Approve ပြုလုပ်ပြီး(၁၀)ရက်အတွင်း ငွေပေးသွင်းခြင်း မပြုပါက စနစ်မှ Auto Cancelပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါ Cancelled ဖြစ်ထားသည့်ကိစ္စရပ်များအတွက် မူလလျှောက်ထားမှု Process အတိုင်း ပြန်လည် လျှောက်ထားလိုပါက ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲသို့ Auto Cancel

ဖြစ်သည့် လိုင်စင်/ပါမစ်များ (သက်တမ်းတိုး/ပြင်ဆင်/ပယ်ဖျက်/အပ်နှံ/ပိတ်သိမ်း)အား Delete ဆောင်ရွက်ပေးနိုင်ပါရန် Complain ပြုလုပ်ပြီးမှသာလျှင် မူလလျှောက်ထားမှုအတိုင်း ပြန်လည်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Tradenet 2.0 စနစ်တွင် **လိုင်စင်/ ပါမစ်(အသစ်) လျှောက်ထားမှုများ** အတွက် အပိုဒ်(၁)ပါလုပ်ငန်းစဉ်များအား ထပ်မံသိရှိစေနိုင်ရန်နှင့်လိုင်စင်/ပါမစ် **(သက်တမ်းတိုး/ပြင်ဆင်/ပယ်ဖျက်/အပ်နှံ/ပိတ်သိမ်း) လျှောက်ထားမှုများ**အတွက် (၁-၉-၂၀၂၁) ရက်နေ့မှစ၍ အပိုဒ်(၂)ပါလုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးကြေငြာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန